ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၁၇၄ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mr Shin Hyun Pil<br>Production and Planning Manager |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | Yangtzekiang Industries Myanmar Limited.<br>အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။<br>၀၉-၄၂၀၄၅၇၇၄၄၊ ၀၉-၅၃၀၀၉၉၂ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ၅.၁၁၆ ဧက(၂၂၂,၈၅၂.၉၆ စတုရန်းပေ) |
| (စ) | **စီမံကိန်းတည်နေရာ** | - | အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၆-၁၂-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၅-၁၂-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | Yangtzekiang Industries Myanmar Limited. ၏ ၂၆-၆-၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့် **“ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)”** |



ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Yangtzekiang Industries Myanmar Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)ရှိ မြေဧရိယာ(၅.၁၁၆)ဧကတွင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Yangtzekiang Industries Myanmar Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူး မြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)ရှိ မြေဧရိယာ(၅.၁၁၆)ဧကတွင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း အတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၇-၆-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ(၁၉၆၈/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr Shin Hyun Pil၊ Production and Planning Manager ၊ Yangtzekiang Industries Myanmar Limited၊ အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ၀၉- ၄၂၀၄၅၇၃၄၊ ၀၉-၅၃၀၀၀၉၂ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ကုန်ကြမ်းများ ရယူခြင်း၊ နမူနာပုံစံနှင့် ဒီဇိုင်းရေးဆွဲခြင်း၊ ကုန်ကြမ်းဖြတ်တောက်ခြင်းနှင့် ညှပ်ခြင်း၊ အထည် ချုပ်ခြင်း၊ အဆင်တန်ဆာတပ်ဆင်ခြင်း၊ အဝတ်လျှော်ခြင်း၊ ချည်မျှင်နှင့်အပ်များ ဖယ်ရှားခြင်း၊ ချုပ်ပြီး အထည်များအား အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်းနှင့် ပါကင်ထုပ်ပိုးခြင်းတို့ ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုအနေဖြင့် ကုန်ချောရုပ်အင်္ကျီနှင့် စက်ထိုးထည်များအား တစ်နှစ်လျှင် စုစုပေါင်းအရေ အတွက်(၂.၉)သန်းခန့် ထုတ်လုပ်၍ ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချမည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ ကုန်ကြမ်းပစ္စည်းအသုံးပြုမှု အနေဖြင့် ချည်မျှင်၊ အထည်အလိပ်များ အပါအဝင် ကုန်ကြမ်းပစ္စည်း(၇)မျိုးအပြင် လျှော်ဖွတ်ခြင်းတွင် အသုံးပြုရန် ကုန်ကြမ်းပစ္စည်း(၄)မျိုးအား ကိုရီးယားနိုင်ငံမှ ဝယ်ယူတင်သွင်းမည် ဖြစ်ပါသည်။ ရေအသုံးပြုမှုအနေဖြင့် စက်ရုံဝန်းအတွင်းရှိ အဝီစိရေတွင်း ၄ တွင်းအနက် ၃ တွင်းအား အထွေထွေ လုပ်ငန်းများအတွက် အသုံးပြုပြီး တစ်တွင်းအား သန့်စင်စနစ်ဖြင့် သောက်သုံးရေအဖြစ် အသုံး ပြုမည်ဖြစ်ပြီး နေ့စဉ် လုပ်ငန်းသုံးရန်အတွက်(၇,၀၀၀)ဂါလန်နှင့် ဝန်ထမ်းသုံးရန်အတွက် (၈,၀၀၀) ဂါလန်ခန့် အသုံးပြုခြင်းနှင့် ဘွိုင်လာတွင်အသုံးပြုရန် နေ့စဉ် ရေဂါလန်(၂,၀၀၀)ခန့် သုံးစွဲမည်ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအင်အသုံးပြုမှုအနေဖြင့် ပဲခူးမြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ(၃၁၅ကေဗွီအေ) ထရန်စဖော်မာ(၂)လုံးဖြင့် သွယ်တန်းသုံးစွဲပြီး လျှပ်စစ်မီး ပြတ်တောက်


သည့်အချိန်တွင် ဒီဇယ်အင်ဂျင်သုံး(၆၃၀ကေဗီအေ) မီးစက်(၁)လုံးနှင့် (၃၉၀ကေဗီအေ)မီးစက် (၂)လုံးဖြင့် အသုံးပြုမည်ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ယူနစ်(၄၇၂,၈၅၅)ယူနစ်ခန့် သုံးစွဲမည်ဖြစ်ပါသည်။ မီးစက်တွင်အသုံးပြုရန် လောင်စာဆီအား (၄,၀၀၀)ဂါလန်ဆံ့ ဆီသိုလှောင်ကန်ဖြင့် သိုလှောင်ထားပြီး နေ့စဉ် လောင်စာဆီ(၁၂၀)ဂါလန်ခန့် အသုံးပြုမည် ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်ရန် အတွက် ပြည်ပဝန်ထမ်း(၂)ဦး၊ ပြည်တွင်းဝန်ထမ်း(၁,၄၈၇)ဦး၊ စုစုပေါင်းဝန်ထမ်းအင်အား (၁,၄၈၉) ဦးအား အလုပ်လုပ်ချိန် တစ်ရက်လျှင်(၈)နာရီဖြင့် လုပ်ကိုင်ပြီး တစ်နှစ်လျှင်(၂၈၇)ရက် လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။ စီမံကိန်းအတွင်း ဘွိုင်လာလည်ပတ်ရန် လောင်စာအဖြစ် ကုန်ထုတ် လုပ်ရေးလုပ်ငန်းမှ ထွက်ရှိသော ပိတ်ဖြတ်စအဟောင်းနှင့် လောင်စာထင်းတို့ အသုံးပြုမည် ဖြစ်ပါသည်။ အခြားသောကုန်ကြမ်းပစ္စည်းများအား ဖော်ပြပါဇယားများအတိုင်း အသုံးပြုသွားမည် ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | ယူနစ် | လစဉ်အသုံးပြုမှု | နှစ်စဉ်အသုံးပြုမှု |
|---|---|---|---|---|
| ၁။ | ပိတ်စ (Shell) | ကိုက် | ၃၄၄,၀၃၄.၆ | ၄,၁၂၈,၄၁၅.၂ |
| ၂။ | Interlining | ကိုက် | ၇၃,၇၂၁.၇ | ၈၈၄,၆၆၀.၄ |
| ၃။ | ကြယ်သီး | အရေအတွက် | ၂,၉၄၈,၈၆၈ | ၃၅,၃၈၆,၄၁၆ |
| ၄။ | အပ်ချည် | အပ်ချည်လုံး | ၈,၆၀၀ | ၁၀၃,၂၀၀ |
| ၅။ | တံဆိပ် | အရေအတွက် | ၂၄၅,၇၃၉ | ၂,၉၄၈,၈၆၈ |
| ၆။ | တံဆိပ်ကဒ် (Hang Tag) | အရေအတွက် | ၂၄၅,၇၃၉ | ၂,၉၄၈,၈၆၈ |
| ၇။ | အိတ် | အရေအတွက် | ၂၄၅,၇၃၉ | ၂,၉၄၈,၈၆၈ |


| စဉ် | အမျိုးအစား | ယူနစ် | နှစ်စဉ်အသုံးပြုမှု |
|---|---|---|---|
| ၁။ | Softener | ကီလိုဂရမ် | ၃,၆၀၀ |
| ၂။ | MJK ၁၀၀ | ကီလိုဂရမ် | ၅,၁၆၀ |

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)တွင် တည်ရှိပါသည်။


**Yangtzekiang Industries Myanmar Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)ရှိ မြေဧရိယာ(၅.၁၁၆)ဧကတွင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**




# Yangtzekiang Industries Myanmar Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)ရှိ မြေဧရိယာ(၅.၁၁၆)ဧကတွင် အဆောက်အအုံ အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



# Yangtzekiang Industries Myanmar Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)ရှိ မြေဧရိယာ(၅.၁၁၆)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan



Yangtzekiang Industries Myanmar Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)ရှိ မြေဧရိယာ(၅.၁၁၆)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်




ပြည်ထောင်စု
ဝန်ကြီးရုံး

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက Yangtzekiang Industries Myanmar Limitedမှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စာကလေးကွင်းကျေးရွာ၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)ရှိ မြေဧရိယာ(၅.၁၁၆)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၇-၆-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ(၁၉၆၈/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန် ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့်အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ကုန်ကြမ်းများ ရယူခြင်း၊ နမူနာပုံစံနှင့် ဒီဇိုင်းရေးဆွဲခြင်း၊ ကုန်ကြမ်းဖြတ်တောက်ခြင်းနှင့် ညှပ်ခြင်း၊ အထည် ချုပ်ခြင်း၊ အဆင်တန်ဆာတပ်ဆင်ခြင်း၊ အဝတ်လျှော်ခြင်း၊ ချည်မျှင်နှင့်အပ်များ ဖယ်ရှားခြင်း၊ ချုပ်ပြီး အထည်များအား အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်းနှင့် ပါကင်ထုပ်ပိုးခြင်း တို့ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုအနေဖြင့် ကုန်ချောရှပ်အင်္ကျီနှင့် စက်ထိုးထည်များအား တစ်နှစ်လျှင် စုစုပေါင်းအရေအတွက်(၂.၉)သန်းခန့် ထုတ်လုပ်၍ ကိုရီးယားနိုင်ငံသို့ တင်ပို့ ရောင်းချမည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်းရှိ ဖုန်ထူသော နေရာများတွင် ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၂) ဂျင်နရေတာနှင့် မော်တော်ယာဉ်များအား ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက် ရန်၊

(၃) ဆာလဖာပါဝင်မှုနည်းသော ဒီဇယ်အား အသုံးပြုရန်၊

(၄) သဘာဝနှင့်လိုက်လျောညီထွေမှုရှိသော ဘွိုင်လာနှင့် သတ်မှတ်အမြင့်ရှိသည့် ခေါင်းတိုင် တပ်ဆင်ရန်၊

(၅) အရည်အသွေးပြည့်မီ ကောင်းမွန်သော လေဝင်လေထွက်စနစ်အား တပ်ဆင်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန် ပြုပြင်ထိန်းသိမ်းရန်၊

(၂) ဒီဇယ်ဂျင်နရေတာအား လူနေရိယာနှင့် စက်ရုံဝန်ထမ်းများ၏ ဝေးရာတွင် တပ်ဆင်ထားရှိရန်၊

(၃) ဆူညံသံထွက်ရှိမှု မြင့်မားသော ဂျင်နရေတာအနီးတွင် အလုပ်လုပ်ကိုင်နေသောဝန်ထမ်းများအား အကာအကွယ်နားကြပ်များ ထောက်ပံ့ရန်၊

(၄) ဆူညံသောနေရာတွင် လုပ်ကိုင်နေသော အလုပ်သမားများအား နားကြပ်နှင့်နားအကာအကွယ်များအား အလုံအလောက် ထောက်ပံ့ရန်၊

(၅) ဆူညံသံထွက်ရှိမှုနည်းသော ဂျင်နရေတာများအား ရွေးချယ် အသုံးပြုရန်။

(င) **ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်း ရေကုန်ခမ်းမှုအား လျှော့ချရန် သဘာဝနှင့်လိုက်လျောညီထွေမှုရှိသော အိမ်သာများ၊ ဘေစင်များနှင့် ရေပေးစနစ် တပ်ဆင်ပေးရန်နှင့် ရေဖြန့်ဝေပေးသည့် ပိုက်လိုင်းများ တပ်ဆင်ရန်၊

(၂) ဘေစင်များနှင့် ရေသိုလှောင်ကန်များ အားလုံးတွင် မလိုအပ်ဘဲ ရေသုံးစွဲမှုများ မဖြစ်စေရန် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲရန်၊

(၃) မြေအောက်ရေ ရေအရည်အသွေးအား (၆)လလျှင်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် မှတ်တမ်းထားရှိရန်၊

(၄) ရေသိုလှောင်ကန်များအား အဖုံးများဖြင့် တည်ဆောက် ထားရှိရန်။

(စ) **စွန့်ပစ်ရေ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ Wastewater Treatment Process အား တည်ဆောက်ရန်၊

(၂) ဆေးကြောခြင်းလုပ်ငန်းနှင့် လက်ဆေးကန်များမှ စွန့်ပစ်ရေများအား စက်ရုံရေမြောင်းအတွင်းသို့ စွန့်ပစ်ခြင်းနှင့် မစွန့်ပစ်မီ အနည်ကျကန်တွင် အနည်ထိုင်အောင်ဆောင်ရွက်ရန်၊

(၃) ဘွိုင်လာမှ စွန့်ထုတ်ရေအတွက် သီးခြားပိုက်လိုင်း တပ်ဆင် ထားရှိခြင်းနှင့် စည်ပင်ရေမြောင်းအတွင်း မစွန့်ပစ်မီ ရေအပူချိန်အား လျှော့ချရန် စက်ရုံရေမြောင်းနှင့် ချိတ်ဆက်ထားရန်၊

(၄) ဘွိုင်လာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းခြင်းလုပ်ငန်းစဉ်များအား (၆)လလျှင် (၁)ကြိမ် (သို့မဟုတ်)နှစ်စဉ် ဆောင်ရွက်ရန်၊

(၅) အနည်ကျကန်မှ စွန့်ပစ်ရေများအား မြေအောက်ကွန်ကရစ် ပိုက်လိုင်းမှတစ်ဆင့် စက်ရုံမှ ၄၂၀ ပေ ကွာဝေးသော စည်ပင်ရေမြောင်းအတွင်းသို့ စွန့်ပစ်ရန်၊

(၆) အနည်ကျကန်များအား ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ရန်၊

(၇) အနည်ကျကန်မှ အနည်အနှစ်များအား စည်ပင်အမှိုက်သိမ်းယာဉ်ဖြင့် ဖယ်ရှား စွန့်ပစ်ရန်၊

(၈) မိလ္လာအညစ်အကြေးနှင့်ပတ်သက်၍ စက်ရုံတွင် မိလ္လာကန်များအား လုံလောက်စွာ ထားရှိပေးခြင်းနှင့် (၂)နှစ်လျှင်တစ်ကြိမ် ပုံမှန် ဖယ်ရှား သန့်စင်ခြင်းများ ဆောင်ရွက်ရန်၊

(၉) ဝန်ထမ်းသုံးစွန့်ပစ်ရေများအား စက်ရုံ၏ ရေဆိုးစွန့်ထုတ်အမှတ်၌ ပုံမှန် စောင့်ကြပ်ကြည့်ရှုရန်၊

(၁၀) ဆောက်လုပ်ရေးလုပ်သားများ၏ ယာယီစခန်းမှထွက်ရှိသော ဝန်ထမ်းသုံးစွန့်ပစ်ရေများအား စနစ်တကျ စွန့်ပစ်ရန်၊

(၁၁) ဆောက်လုပ်ရေးလုပ်သားများအတွက် လိုအပ်သော တစ်ကိုယ်ရေသုံးပစ္စည်းများအား ထောက်ပံ့ရန်။

(ဆ) **မြေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လောင်စာဆီယိုဖိတ်ခြင်းအား လျော့ပါးသက်သာစေရန် သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် ဂျင်နရေတာများအား ပုံမှန် စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) ရေစိမ့်မဝင်နိုင်သော ကြမ်းခင်းများအား ကုန်ထုတ်ဧရိယာအတွင်း တပ်ဆင် တည်ဆောက်ရန်၊

(၃) စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းမှ ကာကွယ်ရန် သင့်လျော်သည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်အား သတ်မှတ်ခြင်းနှင့် လေ့ကျင့် သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၄) မြေပြင်သို့ စွန့်ပစ်ရေ စွန့်ထုတ်ခြင်းမှ ကာကွယ်ရန် စွန့်ပစ်ရေသန့်စင်သည့်စနစ်အား တပ်ဆင်တည်ဆောက်ရန်၊

(၅) အစိုင်အခဲစွန့်ပစ်ပစ္စည်းများ ယာယီစွန့်ပစ်ရန်နေရာ စုပုံစွန့်ပစ်ပြီးမှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက် စွန့်ပစ်ရန်၊

(၆) စွန့်ပစ်ရေနှင့် အမျိုးမျိုးသောစွန့်ပစ်ပစ္စည်းများအား စနစ်တကျ သန့်စင်စွန့်ပစ်ရန်။

(ဇ) **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အစိုင်အခဲ စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြား၍ စွန့်ပစ်ခြင်းနှင့် စည်ပင်သို့ မစွန့်ပစ်မီ ယာယီအမှိုက်စွန့်ပစ်ရာနေရာတွင် စုပုံ စွန့်ပစ်ရန်၊

(၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်အမှိုက်ပုံတွင် ခွဲခြား စွန့်ပစ်ရန်၊

(၃) ဖြတ်စကဲ့သို့သော စက်ရုံမှ စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်လောင်စာသုံး ဘွိုင်လာတွင် ဇီဝလောင်စာအဖြစ် ပြန်လည် အသုံးပြုရန်၊

(၄) ထွက်ရှိပြာမှုန့်များအား စက်ရုံဝန်းအတွင်း မြေဖို့ခြင်းလုပ်ငန်း၌ အသုံးပြုရန်၊

(၅) ပလတ်စတစ်ဘူး၊ စက္ကူကဲ့သို့သော အချို့စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ပစ္စည်း ထွက်ရှိမှု ပမာဏအား လျှော့ချရန် မတူညီသောနည်းလမ်းများဖြင့် ပြန်လည် အသုံးပြုရန်၊

(၆) စွန့်ပစ်ပစ္စည်းအမျိုးအစားနှင့် ပမာဏတို့အား ပုံမှန် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် မှတ်တမ်းများ ထားရှိရန်၊

(၇) အဆောက်အဦနှင့် အသုံးအဆောင်ပစ္စည်းအဟောင်းများ ဖယ်ရှားခြင်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စုဆောင်း၍ ပဲခူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့်ချိတ်ဆက်၍ စွန့်ပစ်ရန်၊

(၈) ယာယီအစိုင်အခဲစွန့်ပစ်ပစ္စည်း စွန့်ပစ်ရာနေရာအား စနစ်တကျ ထားရှိရန်၊

(၉) စက်ရုံဝန်းအတွင်း ထိရောက်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်အား အကောင် အထည်ဖော်ဆောင်ရွက်ရန်၊

(၁၀) ပလတ်စတစ်၊ အမှိုက်၊ ဖန်ကွဲစနှင့် အစားအစာစွန့်ပစ်ပစ္စည်းကဲ့သို့သော ဘေးအန္တရာယ် မရှိသည့် စွန့်ပစ်ပစ္စည်းများအား သီးခြားစွန့်ပစ်၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ချိတ်ဆက် စွန့်ပစ်ရန်။

(ဈ) **အနံ့စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ယာယီအမှိုက်စွန့်ပစ်ရာနေရာအား စနစ်တကျ သိမ်းဆည်းခြင်းနှင့် ဝန်ထမ်းများ၏ ဝေးရာတွင် ထားရှိရန်၊

(၂) အနည်ကျကန်မှ အနည်အနှစ်များအား စည်ပင်အမှိုက်ယာဉ်ဖြင့် ဖယ်ရှားစွန့်ပစ်ရန်၊

(၃) ယာယီအမှိုက်ပုံမှ စွန့်ပစ်ပစ္စည်းများအား ပုံမှန် စွန့်ပစ်ရန်၊

(၄) စက်ရုံအတွင်း ကောင်းမွန်သော လေဝင်လေထွက်စနစ်အား တပ်ဆင်ထားရန်၊

(၅) N-95 နှာခေါင်းစည်းကဲ့သို့သော PPE များအား အနံ့ထွက်ရှိသော နေရာအနီးတွင် အလုပ်လုပ်ကိုင်နေသော ဝန်ထမ်းများအား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊

(၆) ဘွိုင်လာမှ အခိုးအငွေ့ထွက်ရှိမှုအတွက် သင့်လျော်သော လေသန့်စင်သည့်စနစ်အား စနစ်တကျ တပ်ဆင်ရန်၊

(၇) ဘွိုင်လာမီးခိုးခေါင်းတိုင်မှ ဓာတ်ငွေ့ပျံ့နှံ့မှုအတွက် ဘွိုင်လာခေါင်းတိုင်၌ ပန်ကာ တပ်ဆင် တည်ဆောက်ရန်၊

(၈) ဝန်ထမ်းများမှ ထွက်ရှိသော အစိုင်အခဲ စွန့်ပစ်ပစ္စည်းများနှင့် အစားအစာ စွန့်ပစ် ပစ္စည်းများကို ယာယီသိုလှောင်ရာနေရာ၌ စနစ်တကျ စုပုံ ထားရှိခြင်းနှင့် ပုံမှန် စွန့်ပစ်ရန်၊

(၉) အလုပ်လုပ်သည့်နေရာအတွင်း ကောင်းမွန်သော လေဝင်လေထွက်စနစ်အား တပ်ဆင်ရန်၊

(၁၀) အနံ့ထွက်ရှိမှုများသော နေရာအနီးတွင် အလုပ်လုပ်ကိုင်နေသော ဝန်ထမ်းများအား N–95 နှာခေါင်းစည်းကဲ့သို့သော PPE များအား ထောက်ပံ့ပေးရန်၊

(၁၁) အနည်ကျကန်မှ အနည်အနှစ်များအား စည်ပင်အမှိုက်သိမ်းယာဉ်ဖြင့် ဖယ်ရှား စွန့်ပစ်ရန်၊

(၁၂) ဝန်ထမ်းများအတွက် အိမ်သာများနှင့် မိလ္လာကန်များ လုံလောက်စွာ ဆောက်လုပ် ရန်နှင့် ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်။

(ည) **ဂေဟစနစ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေများအား ပဲခူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ သတ်မှတ်စံချိန်စံညွှန်းအတွင်း ရှိစေရေး စီစဉ် ဆောင်ရွက်ရန်၊

(၂) မလိုအပ်ဘဲ သစ်ပင်များ ခုတ်လှဲခြင်းနှင့် သဘာဝပေါက်ပင်များ ရှင်းလင်းခြင်းတို့အား လျှော့ချခြင်းနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရန်၊

(၃) ဆီ၊ ချောဆီနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား မြေပြင်(သို့မဟုတ်) ရေမျက်နှာပြင်သို့ ယိုဖိတ်ခြင်းမှ ကာကွယ်ရန် စနစ်တကျ သိုလှောင် သိမ်းဆည်းရန်၊

(၄) ဝန်ထမ်းသုံး စွန့်ပစ်ရေနှင့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား စနစ်တကျ စီမံ ဆောင်ရွက်ရန်။

(ဋ) **ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) စက်ရုံမှစက်ပစ္စည်းကိရိယာများအား ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်ခြင်းတို့မှ လျှော့ချ ရန်အတွက် ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းနှင့် လုပ်ဆောင်ချက်များအား စစ်ဆေးရန်၊

(၂) ကြီးမားသော အဆောက်အဦအသစ် ပြုပြင်ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရှေးဟောင်းအမွေအနှစ် အဆောက်အဦအနီးတွင် အကြီးစား မြို့ပြဖျက်သိမ်းရေး လုပ်ငန်းများနှင့် စက်ယန္တရားကြီးများ သုံးစွဲခြင်းကို တားမြစ် ထားပြီး လိုအပ်ပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ စည်းမျဉ်းစည်းကမ်းများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊

(၃) ရှေးခေတ်အခြေခံ အဆောက်အအုံများနှင့် ဒေသန္တရဘာသာရေးတို့အပေါ် ဝန်ထမ်းများ၏ မရိုမသေ အပြုအမူများအား တင်းကြပ်စွာ တားမြစ်ရန်။

(ဃ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်း(PPE)များ ထောက်ပံ့ရန်၊

(၂) ဝန်ထမ်းများအား ဘေးကင်းလုံခြုံရေးသင်တန်းများ လေ့ကျင့် သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) ယိုဖိတ်ခြင်း၊ စိုစွတ်သော ကြမ်းခင်းများနှင့် ချော်သောကြမ်းပြင်ပေါ်တွင် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲ ထားရှိရန်၊

(၄) လုပ်ငန်းခွင်အတွင်း ထိခိုက်မှုများအတွက် လုပ်ငန်းခွင်နေရာ၌ အရေးပေါ် ဆေးသေတ္တာများ အလုံအလောက် ထောက်ပံ့ရန်၊

(၅) လုပ်ငန်းချိန်အတွင်း တရားမဝင် ဆေးသုံးစွဲခြင်းနှင့် အရက်သေစာ သောက်စားမှုအား တားမြစ်ရန်၊

(၆) အလုပ်သမားများအား ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး သင်တန်းများ သင်ကြားပြသခြင်းနှင့် ဘေးကင်းရေးကိရိယာများ လုံလောက်စွာ ထားရှိရန်၊

(၇) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရေး ကြီးကြပ်မှုများအား တာဝန်ချထားရန်၊

(၈) ဝန်ထမ်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကျင့်ထုံးများ လိုက်နာမှုအပေါ် ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ဆောင်ရွက်ရန်။

(င) **အရေးပေါ်တုံ့ပြန်ရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးအပေါ်တုံ့ပြန်ရေးအစီအစဉ်နှင့် စက်ရုံလည်ပတ်မှုစနစ်ကို စစ်ဆေးရန် တာဝန်ရှိသူအား တာဝန်ပေးအပ်ခြင်းဖြင့် ဆောင်ရွက်ရန်၊

(၂) ရှေးဦးသူနာပြုပစ္စည်းများ၊ မီးသတ်ကိရိယာများနှင့် အရေးပေါ်လုပ်ငန်းများအား ပြင်ဆင်ထားရန်၊

(၃) မမျှော်လင့်ထားသော မတော်တဆဖြစ်ရပ်များကို ကောင်းမွန်စွာ တုံ့ပြန်နိုင်စေရေးအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်ကို လိုက်နာကျင့်သုံးနိုင်ရေး ဆောင်ရွက်ရန်၊

(၄) မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အစီအမံများ ရေးဆွဲထားပြီး ကြိုတင်ဇာတ်တိုက် လေ့ကျင်ခြင်းများ ဆောင်ရွက်ရန်။

(စ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ တုန်ခါမှု၊ ရေအရည်အသွေး၊ စွန့်ပစ်ရေ အရည်အသွေးနှင့် အနံ့စီမံခန့်ခွဲမှုတို့အား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင်(၂)ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၂) မြေအရည်အသွေး၊ အစိုင်အခဲ စွန့်ပစ်ပစ္စည်း၊ ဂေဟာစနစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်တို့အား လစဉ် စောင့်ကြည့်စစ်ဆေးရန်။

(ဏ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီအစဉ်များ အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့် အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(တ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း ကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ(CSR)အတွက် နှစ်စဉ် အမြတ်ငွေ၏(၂)ရာခိုင်နှုန်းကို သုံးစွဲသွားရန်နှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက် နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ထ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များအတွက် အောက်ပါအတိုင်း ဖော်ပြ ထားပါသည် -

(၁) စီမံကိန်းလည်ပတ်သည့်ကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ(၁၁,၆၀၀,၀၀၀)ကျပ် သုံးစွဲရန်၊

(၂) စီမံကိန်းလည်ပတ်သည့်ကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ(၈,၇၀၀,၀၀၀)ကျပ် သုံးစွဲရန်၊

(၃) စီမံကိန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းစုစုပေါင်း အမြတ်ငွေ၏(၂)%ဖြစ်သော ရန်ပုံငွေ(၁,၆၅၀,၀၀၀)ကျပ်အား ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးမှုအတွက် သုံးစွဲရန်၊

(၄) စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ(၈,၄၀၀,၀၀၀)ကျပ် သုံးစွဲရန်၊

(၅) စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ(၅,၉၀၀,၀၀၀)ကျပ် သုံးစွဲရန်။

(ဒ) လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖျက်သိမ်းရေးကာလတွင် လုံခြုံရေးပိုက်ကွန်များ အသုံးပြု၍ ဖုံးအုပ် ဆောင်ရွက်ရန်၊

(၂) ဖျက်သိမ်းသည့်ကာလအတွင်း မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၃) ဖျက်သိမ်းသည့်ကာလတွင် ပတ်ဝန်းကျင်ဆိုင်ရာ လေ၊ ရေ၊ ဆူညံသံနှင့် အမှုန် အမွှားများ ထွက်ရှိမှုကို တတ်နိုင်သမျှ လျှော့ချ၍ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိ စေရေး ဆောင်ရွက်ရန်၊

(၄) ဖျက်သိမ်းသည့်ကာလမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ ယာယီ စုပုံ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက် စွန့်ပစ်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ် ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးခြင်းကဲ့သို့သော ဘေးအန္တရာယ်များ အတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ် ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်(၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ်၁.၂ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံး လက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) အသုံးပြုကုန်ကြမ်းများနှင့် စက်ပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည် တင်ပြရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကိုဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန်

အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိ အစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး

တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan)ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအားအလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ် အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီးကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လလျှင်တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ်

ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက်(၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆ လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံ မေးမြန်းခြင်းနှင့်လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ တစ်ဖက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍(၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့် နေ့မှရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင် အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ် ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလ အတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံး

စရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---

ပြည်ထောင်စု ဝန်ကြီးရုံး